## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၄/၂၀၁၅)

| | |
|---|---|
| Mr. Jang Kyung Woo(ပိုင်ရှင်)<br>PP- M 20037226<br>Myanmar C & N Co.,Ltd၊<br>အမှတ်(၄၁/၄၂)၊ ရွှေရင်အေးကျောင်းလမ်း၊<br>ဇုန်(၅)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးကျော်ကျော်အောင်ပါ(၁၁)ဦး<br>ကံသာလမ်းမကြီး၊ ကံလှရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၅)၊ ရွှေရင်အေးကျောင်းလမ်း၊ အမှတ်(၄၁/၄၂) ရှိ Myanmar C & N Co.,Ltd ပိုင်ရှင် Mr. Jang Kyung Woo နှင့် အလုပ်သမား ဦးကျော်ကျော်အောင်ပါ (၁၁)ဦးတို့ဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာ စစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၁၂၂/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ခန့် ထားရန်၊၃၆၀၀၀/-နှုန်းဖြင့် နေ့တွက်ခံစားခွင့်ပြုရန်တောင်းဆိုသည်မှဖြစ်ပွားလာသောအငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၄ ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေ တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ပြန်လည်ခန့်ထားပေးရန်တောင်းဆိုခြင်းဖြစ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** တောင်းဆိုသူအလုပ်သမား ၁၁ ဦးအား အလုပ်ပြန်ခန့်အပ်ရန်နှ ကြားကာလနစ်နာကြေးအား အလုပ်မှရပ်စဲသည့်နေ့မှစ၍ အလု ပြန်လည်ခန့်အပ်သည့်နေ့အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထု လစာ(OT)မပါဖြင့်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၂၂/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ် မရှိသဖြင့် Myanmar C & N Co.,Ltd ပိုင်ရှင် Mr. Jang Kyung Wooမှ ခုံသမာဓိကောင်စီသို့ အယူခံ လျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၇၄/ ၂၀၁၅) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထား များ၊ အပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ပြန်လည်ခန့်ထားပေးရန်။

**သုံးသပ်ချက်အမှတ်(၁)။** အလုပ်သမားများအား အလုပ်မှ အင်အားလျှော့ခြင်းမှာ စနစ်တကျ ဆောင်ရွက်သည့် သဘောမရှိကြောင်းနှင့် ပြစ်ချက်ရှိ၍ အလုပ်လျှော့ ခြင်းမဟုတ်ကြောင်းလည်း နှစ်ဘက်စလုံး၏ ထွက်ဆိုချက်အရ ရှိရပါသည်။ အမှုတွဲပါ အလုပ်သမား ၁၁ ဦးအနက် အလုပ်သမား ဦးမှာ အလုပ်ပြန်လည်ဝင်ရောက်လိုသည့် အခြေအနေမပြည့်စုံ ကြောင်းလည်း အလုပ်သမားကိုယ်စားလှယ်များနှင့် ယနေ့အမှု ရာသို့ တက်ရောက်လာသူများကထွက်ဆိုကြပါသည်။ အလုပ်သမား များက အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ခွင့်ရလျှင် စက်ရုံစည်း

ကမ်းများကို လိုက်နာ၍လည်းကောင်း၊ စက်ရုံတည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်၍လည်းကောင်း အလုပ်လုပ်ကိုင်သွားမည်ဟု ထွက်ဆိုခဲ့ကြပါသည်။

အလုပ်ရုံ၏ ကျင့်သုံးမှုစနစ်အရ အစမ်းခန့်ကာလကုန်ပြီးနောက်တွင် အမြဲတမ်းအလုပ်သမားအဖြစ် ဆက်လက်ခန့်ထားလေ့ရှိသဖြင့် ယခုအမှုပါအလုပ်သမားများကိုလည်း အစမ်းခန့်ကာလကုန်လွန်ပြီးနောက် အမြဲတမ်းအလုပ်သမားအဖြစ် သတ်မှတ်ပေးရန်လိုအပ်ပါသည်။သို့ဖြစ်၍အနည်းဆုံးအခကြေးငွေအမိန့်ပါ သတ်မှတ်လုပ်ခဖြစ်သည့်နေ့တွက် ၃၆၀၀/-ကို ခံစားခွင့်ရှိကြပါသည်။ အနည်းဆုံးအခကြေးငွေဥပဒေတွင် အနည်းဆုံးအခကြေးငွေအမိန့်ပါ နှုန်းထားထက်လျော့နည်းပေးချေလျှင်အလုပ်သမားသည်ထိုအခြေအနေကို သက်ဆိုင်ရာ ဦးစီးဌာနသို့ တင်ပြနိုင်ကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနသည် ဦးစီးဌာနမှ အရာရှိများအားစစ်ဆေးရေးအရာရှိအဖြစ်တာဝန်ပေးသူများသည် အလုပ်ရှင်ထံမှ အလုပ်သမားရရန်ရှိသောငွေများကို တောင်းခံပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်၊ ထိုဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန်သင့်ပါသည်။ အလုပ်ရှင်လည်း လေးစားလိုက်နာသွားမည်ဟု တင်ပြထားပါသည်။

ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေတွင် ရက်သတ္တပတ်အလုပ်ပိတ်ရက်(တနင်္ဂနွေနေ့)ကိုအခကြေးငွေမပျက်ပိတ်ရက်အဖြစ်ခံစားခွင့်ပြုရန် ပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေကို အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည်ဖြစ်သည့်အလျောက် ထိုဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်သင့်ပါသည်။ အလုပ်ရှင်ကလည်း လိုအပ်သလို လေးစားလိုက်နာသွားမည်ဟု တင်ပြထားပါသည်။

ယခင်ပေးခဲ့သော ရက်မှန်ကြေး၊ ထုတ်လုပ်မှုကြေး၊ ရှားပါးစရိတ်များကို အလုပ်ရှင်၏စီးပွားရေးကောင်းမွန်မှုနှင့်အလုပ်သမားများ၏ အလုပ်ကြိုးစားမှုအပေါ်အခြေခံ၍ အလုပ်ရှင်၊ အလုပ်သမားတို့ တောင်းဆို/လက်ခံမှုအပေါ် မူတည်၍ ဆောင်ရွက်ရန် အလုပ်ရှင်က စဉ်းစားစီစဉ်ပေးမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ပြန်လည် မလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများမှအပ ကျန်အလုပ်သမား ၅ ဦးဖြစ်သော ဦးကျော်ကျော်အောင်၊ ဦးကျော်စိုး မင်း၊ ဦးကောင်းထက်၊ မနီနီဝင်းနှင့် မလဲ့လဲ့ဝင်းတို့အား ဤဆုံးဖြတ် ချက်ချမှတ်သည့်နေ့မှ ၇ ရက်အတွင်း အနည်းဆုံးအခကြေးငွေ အမိန့်ပါအခကြေးငွေနှုန်းထက်မနည်းသော အခကြေးငွေဖြင့်အလုပ် ပြန်လည်ခန့်ထားရန်နှင့် အလုပ်မှလူလျှော့သော ၁၂-၁၁-၂၀၁၅ ရက် နေ့မှစ၍ အလုပ်ပြန်လည်ခန့်ထားသည့် နေ့အထိ ကြားကာလနစ်န ကြေးငွေကိုတစ်ရက်လျှင် အနည်းဆုံးအခကြေးငွေနှုန်းထက် မနည် သောအခကြေးငွေဖြင့် တွက်ချက်ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက် သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက် ပေါင်း ၃၀ အတွင်းပေးရမည်။ ငွေပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေး အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရမြေ ခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံ မည်။

ဦးသန်းမောင်
အဖွဲ့ဝင်

၂၀.၁.၂၀၁၆
ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးငွေး
အဖွဲ့ဝင်